International Commission of Jurists
P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland
t +41 22 979 38 00
f +41 22 979 38 01
www.icj.org

# တာဝန်ခံမှု ဖော်ဆောင်ရေး ခြေလှမ်းသစ်တစ်ရပ်အဖြစ် ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်တစ်ရပ် ဖွဲ့စည်းခြင်း

စက်တင်ဘာ ၂၇ ရက်၊ ၂၀၁၈

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအတွက် သက်သေ အထောက်အထားများ စုဆောင်းရန် အလို့ငှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ "လွတ်လပ်သော လုပ်ငန်းစဉ်" တစ်ရပ် ဖွဲ့စည်းရန်အတွက် ယနေ့ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းသည် မြောက်မြားလှစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှု ဖော်ဆောင်ရေးအလို့ငှာ ထူးခြားသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (International Commission of Jurists @ ICJ) မှ ပြောကြားလိုက်သည်။

"သက်သေ အထောက်အထား စုဆောင်းရေး လုပ်ငန်းစဉ် ဖွဲ့စည်းလိုက်ခြင်းဟာ တရားမျှတမှုကို ဦးတည်တဲ့ ကြိုဆိုလက်ခံရမယ့် ခိုင်မာတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်" ဟု အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်၏ အကြီးတန်း ဥပဒေအကြံပေး မတ်ပိုလာတ် မှ ပြောကြားသည်။
"ဒါပေမယ့်လည်း ဒါဟာ ယာယီစပ်ကြား ပြုလုပ်တဲ့ ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပြီး တရားရုံးမပါတဲ့ တရားစီရင်သူတစ်ဦးကို လက်မြန်ခြေမြန် ဖန်တီးလိုက်တာဖြစ်ပါတယ်။ ဒါဟာ လုံခြုံရေး ကောင်စီအနေနဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေတစ်ရပ်လုံးကို ဒီအခြေအနေမျိုးအတွက် အထူးတလည် ဖွဲ့စည်းပေးထားတဲ့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံး (ICC) ထံသို့ လွှဲပြောင်းပေးဖို့အတွက် လက်ငင်း လိုအပ်ကြောင်းကို သိသာ ထင်ရှားစေရုံလောက်သာ ရှိပါတယ်။" ဟု ၎င်းမှ ဆက်လက် ပြောကြားပါသည်။

မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင် (FFM) ၏ ကောက်ချက်များနှင့် အကြံပြုချက်များအရ ကောင်စီ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခင်း ဖြစ်ပါသည်။ မစ်ရှင် (FFM) ၏ [အင်္ဂလိပ်ဘာသာဖြင့်] စာမျက်နှာ ၄၄၄ မျက်နှာရှိသော အစီရင်ခံစာတွင် အထူးသဖြင့် ရခိုင်၊ ကချင် နှင့် ရှမ်းပြည်နယ်များ အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူနည်းစု လူမျိုးစုများအပေါ် ကျူးလွန်ခဲ့သော မြောက်မြားလှစွာသော ကြောက်မက်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှု လုပ်ရပ်များကို ဖော်ပြထားသည်။ နိုင်ငံတကာဥပဒေနှင့် စပ်လျဉ်းသော ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုနှင့် တရားစီရင်မှုများ ပြုလုပ်ရန် လိုအပ်နေကြောင်းကိုလည်း မစ်ရှင်မှ ထောက်ပြထားပြီး အဆိုပါ ဆောင်ရွက်မှုများကို မြန်မာနိုင်ငံအတွင်းရှိ တရားရုံးနှင့် ကော်မရှင်များမှ လုပ်ဆောင်နိုင်ခြင်း မရှိဟူ၍လည်း မစ်ရှင်မှ ကောက်ချက်ချသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံတော် တရားစီရင်ရေးယန္တရားတွေဟာ လွတ်လပ်မှု နဲ့ စွမ်းဆောင်ရည် မရှိရုံသာမက လူ့အခွင့်အရေး ချိုးဖောက်တဲ့ တရားခံတွေမှာ အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ပါလာပြီဆိုရင် တာဝန်ခံမှုရှိလာအောင် ဆောင်ရွက်လိုတဲ့ စိတ်မရှိကြတာကို များသောအားဖြင့် တွေ့ရလေ့ရှိပါတယ်။ အစိုးရဘက်က နောက်ဆုံး ဖွဲ့စည်းပေးခဲ့တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဆိုရင်လည်း တရားမျှတမှု ရရှိအောင် ဆောင်ရွက်ရေးကို နှောင့်နှေးကြန့်ကြာအောင် တမင်ဖွဲ့စည်းပေးထားတဲ့ အတိုင်းပါပဲ" ဟု ပိုလာတ်မှ ပြောကြားခဲ့သည်။

လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြည်ပြည်ဆိုင်ရာ ခုံရုံး သို့မဟုတ် ရုံးတော်သစ်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်း မဟုတ်ပါ။ လွတ်လပ်သော လုပ်ငန်းစဉ်မှ ရရှိလာသော သက်သေ အထောက်အထားများကို နိုင်ငံတကာ နှင့် ပြည်တွင်းကြားနာမှုများ၊ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံး (ICC) သို့မဟုတ် အခါအားလျော်စွာ ဖွဲ့စည်းသော အပြည်ပြည်ဆိုင်ရာ တရားရုံး၊ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး သို့မဟုတ် အခြားဥပဒေအခြေခံတစ်ခုခုနှင့် သက်ဆိုင်သော တရားစီရင်ရေးအရ တရားစီရင်ပေးရန် တောင်းဆိုကြသော ပြည်တွင်းမှ တရားစီရင်ရေး အဖွဲ့အစည်းများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှ ထိရောက်သော ပြည်တွင်းတရားစီရင်မှုမျိုး မကြာမြင့်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်စရာ လက်တွေ့အလားအလာ မရှိသော်ငြားလည်း၊ နောင်အနာဂတ်တွင် ပြည်တွင်းမှ အဖွဲ့အစည်းယန္တရားများ ထိရောက်လျင်မြန်ပြီး

ဘက်လိုက်မှုကင်းကင်း၊ လွတ်လွတ်လပ်လပ်၊ ထိထိရောက်ရောက် နှင့် လုပ်နိုင်ကိုင်နိုင်စွမ်း ရှိလာသောအခါ လုပ်ငန်းစဉ်မှ ရရှိလာသော သက်သေအထောက်အထားများသည် အသုံးဝင်လာမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံး (ICC) မှ ဆောင်ရွက်နေသည့် ရိုဟင်ဂျာများ၏ အခြေအနေရပ်ကို ပဏာမစစ်ဆေးမှုသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုအဖြစ်သို့ ဦးတည်ကောင်း ဦးတည်သွားနိုင်သော်ငြားလည်း၊ ၊ ဘင်္ဂလားဒေ့ရှ်နယ်မြေထဲတွင် တစ်စိတ်တစ်ပိုင်း ဖြစ်ပွားခဲ့သည့် (Crime against humanity of deportation) လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ، ပြည်ပသို့နှင်ထုတ်သည့် ရာဇဝတ်မှုကဲ့သို့သော ရာဇဝတ်မှုမျိုးအပေါ်တွင်သာ ကြားနာမှုများ ပြုလုပ်နိုင်သည့် အလားအလာ ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် (Rome Statute) သဘောတူစာချုပ် တွင် အဖွဲ့ဝင်ဖြစ်သော်လည်း မြန်မာနိုင်ငံမှာ အဖွဲ့ဝင်နိုင်ငံ မဟုတ်ချေ။ လုံခြုံရေးကောင်စီသည် အခြေအနေတစ်ရပ်လုံးကို အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံး (ICC) သို့ လွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။

"အချက်အလက်ရှာဖွေရေးမစ်ရှင်းကနေ မှတ်တမ်းတင်ထားတဲ့ လုံခြုံရေး အဖွဲ့ဝင်တွေရဲ့ ရက်စက်ကြမ်းကြုတ်စွာ အခွင့်အရေးချိုးဖောက်မှုကို ခံနေရတဲ့ ရိုဟင်ဂျာနဲ့ အခြား လူနည်းစုတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ထိတ်လန့်ဖွယ်ရာ အခြေအနေတွေကို ပိုမိုတိုးတက် ကောင်းမွန်လာအောင်လုပ်ဖို့ မြန်မာအစိုးရအနေနဲ့ အမှန်တရားကို ငြင်းချက်ထုတ်နေတာကို ရပ်တန့်ကရပ်ပြီး နိုင်ငံတကာနဲ့၊ အထူးသဖြင့် ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေပါပြီ" ဟု ပိုလာတ်မှ ပြောကြားခဲ့ပါသည်။

"အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ကြတဲ့ အိန္ဒိယ၊ တရုတ် နဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ အပါအဝင် မြန်မာနိုင်ငံရဲ့နိုင်ငံတကာ မိတ်ဆွေတွေအနေနဲ့လည်း သူတို့ရဲ့သြဇာလွှမ်းမိုးမှုကို အသုံးပြုပြီး၊ ဒုက္ခခံစားနေကြရတဲ့ လူနည်းစုတွေရဲ့ ပြည်သူ့ အခွင့်အရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေး နှင့် လူမှုရေး ရပိုင်ခွင့်တွေကို လေးစားမှုရှိရေး၊ အကာအကွယ်ပေးရေး နဲ့ အပြည့်အဝ ရရှိလာအောင် မြန်မာနိုင်ငံအနေနဲ့ ပြုလုပ်ပေးခြင်းဖြင့် ၎င်းရဲ့ ပြည်တွင်းနဲ့ ဒေသအတွင်း တည်ငြိမ်မှုကို ခြိမ်းခြောက်မယ့်ဘေးအန္တရာယ်ကို ဖြေရှင်းလာစေဖို့ ဝိုင်းဝန်းဆောင်ရွက်သင့်ပါတယ်" ဟု ပိုလာတ်မှ ပြောကြားခဲ့ပါသည်။

ကောင်စီ၏ ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံ အစိုးရအနေနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေကို ပြန်လည် ဆန်းစစ်ရန် စသည်တို့ အပါအဝင် အခြား မြောက်မြားစွာသော အရေးကြီး အကြံပြုချက်များ ပါဝင်ခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂအနေနှင့်လည်း ၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာ့အရေးတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးရေးတစ်ရပ် ပြုလုပ်သင့်ကြောင်း အကြံပြုထားပါသည်။

စာညွှန်း

အစိုးရ၏ စုံစမ်းစစ်ဆေးရေး ကော်မရှင်က တရားမျှတမှု သို့မဟုတ် တာဝန်ခံမှု ဖော်ဆောင်ပေးနိုင်ခြင်းမရှိ (စက်တင်ဘာ ၇၊ ၂၀၁၈)
https://www.icj.org/myanmar-governments-commission-of-inquiry-cannot-deliver-justice-or-accountability/

မြန်မာနိုင်ငံ။ တပ်မတော်အား ပြစ်ဒဏ်မှ ကင်းလွတ်စေရန် အကာအကွယ် ပေးထားသည့် ဥပဒေများနှင့် ကျင့်သုံးဆောင်ရွက်မှုများကို ပြင်ဆင်ပါ။ (ဇန်နဝါရီ ၁၆၊ ၂၀၁၈)
https://www.icj.org/myanmar-reverse-laws-and-practices-that-perpetuate-military-impunity-new-icj-report/